# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၀)
## ပိုးသတ်ဆေးဥပဒေ

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၁၉၉၀ ပြည့်နှစ်၊ မေလ ၁၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပိုးသတ်ဆေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပိုး** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ၊ လူ၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းများကို နှောင့်ယှက်သော သို့မဟုတ် ဖျက်ဆီးသော ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးများကို ဆိုသည်။ ယင်းစကားရပ်တွင် နှောင့်ယှက်ဖျက်ဆီးသော ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင် အခြားသက်ရှိစသည်တို့လည်း ပါဝင်သည်၊

(ခ) **ပိုးသတ်ဆေး** ဆိုသည်မှာ ပုဒ်မခွဲ (က) ပါ ပိုးကောင်များ၊ မွှားကောင်များနှင့် အပင်ရောဂါပိုးစသည်တို့ကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသော ဆေးကို ဆိုသည်၊

(ဂ) အဆိပ်ရှိပစ္စည်း ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်၊

(ဃ) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေး ထည့်သွင်းထားသည့် ပစ္စည်းတွင်ဖြစ်စေ၊ ထုပ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားများကို ဆိုသည်၊

(င) **မှတ်ပုံတင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို ဆိုသည်၊

(စ) **စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့်နယ်မြေအတွင်း ပိုးသတ်ဆေး၏ ထိရောက်မှုကိုလည်းကောင်း၊ စိုက်ပျိုးစနစ်နှင့် သင့်လျော်သည့် သုံးစွဲမှုနည်းလမ်းကိုလည်းကောင်း သတ်မှတ်နိုင်ရန် ၂ နှစ်ကာလအတွက်သာ သုံးစွဲရန် မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော စမ်းသပ်သုံးစွဲခွင့်ကို ဆိုသည်၊

(ဆ) **ယာယီသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၅ နှစ်ကာလအတွက်သာ သုံးစွဲရန် မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော သုံးစွဲခွင့်ကို ဆိုသည်၊

(ဇ) **အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ သီးနှံအလိုက် ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း ၁၀ နှစ်ကာလအတွက်သာ သုံးစွဲရန် မှတ်ပုံတင်အဖွဲ့က ထုတ်ပေး သော သုံးစွဲခွင့်ကို ဆိုသည်၊

(ဈ) **အထူးသုံးစွဲခွင့်မှတ်ပုံတင်** ဆိုသည်မှာ မမျှော်လင့်သော ပိုးများကျရောက်ခြင်းမှ ကာကွယ်ရန်အလို့ငှာ မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသည့် ပိုးသတ်ဆေးကို ၁ နှစ်ကာလအတွက်သာ အရေးပေါ်သုံးစွဲရန် မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော သုံးစွဲခွင့်ကို ဆိုသည်၊

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ဋ) **မန်နေဂျာ** ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပြည်နယ်၊ တိုင်းမန်နေဂျာ သို့မဟုတ် မြို့နယ်မန်နေဂျာကို ဆိုသည်၊

(ဌ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှု မှန်မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်းရှိ မရှိ၊ ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရာခိုင်နှုန်း ပြည့်မီခြင်းရှိ မရှိ စသည့်အချက်အလက်များကို စစ်ဆေးနိုင်ရန် အလို့ငှာ ဦးဆောင်ညွှန်ကြားရေးမှူးက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဍ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် သက်ဆိုင်ရာ မန်နေဂျာက လုပ်ငန်းလုပ်ကိုင်လိုသူအား ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဎ) **လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူ** ဆိုသည်မှာ အဆိပ်အတောက် ပြင်းထန်သည့် ပိုးသတ်ဆေးကို သုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်သူဖြစ်ကြောင်း မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသူကို ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်ပေးရမည်။

## အခန်း (၃)
## မှတ်ပုံတင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ မှတ်ပုံတင်အဖွဲ့သည် နမူနာလက်ခံရရှိသည့် မည်သည့်ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းကိုမဆို အညွှန်းစာပါအတိုင်း အဆိပ်ရှိပစ္စည်းရာခိုင်နှုန်းပြည့်မီစွာ ပါဝင်ခြင်း ရှိမရှိ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးနှံဖျက်ပိုးအား နှိမ်နင်းရာတွင် ထိရောက်မှုရှိမရှိ စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်ရန် ညွှန်ကြားရမည်။

၆။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှ ပြည်တွင်းသို့ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းတင်သွင်းလိုသူက မှတ်ပုံတင်ပေးရန် လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး မှတ်ပုံတင်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း တွေ့ရှိပါက မှတ်ပုံတင်ခွင့်ရရှိထားသော မည်သည့် ပိုးသတ်ဆေးကိုမဆို သုံးစွဲခြင်းမပြုရန် တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) ပြည်ပမှသော်လည်းကောင်း၊ ပြည်တွင်းမှသော်လည်းကောင်း ရရှိသည့် အချက်အလက်များအရ ပိုးသတ်ဆေးသည် လူ၊ တိရစ္ဆာန်၊ သီးနှံနှင့် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်ခြင်း၊

(ခ) အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ထပ်မံစစ်ဆေးရာတွင် လျှောက်ထားစဉ်က တင်ပြခဲ့သော ဓာတ်ခွဲစစ်ဆေးထားသည့် အဆိပ်ရာခိုင်နှုန်းပြည့်မီမှုမရှိခြင်း သို့မဟုတ် အရည်အသွေးပြည့်မီမှုမရှိခြင်းတို့ကို စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းထုတ်လုပ်သော ပြည်ပကုမ္ပဏီ သို့မဟုတ် ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသူက ဆက်လက်သုံးစွဲခြင်းမပြုရန် အကြောင်းကြားလာခြင်း။

၈။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စများတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းရန် မည်သည့် ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့်မှတ်ပုံ တင်ထုတ်ပေးနိုင်သည်။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ်ဆေးများ ဖော်စပ်ထုတ်လုပ်ရာတွင် လည်းကောင်း၊ ကိုင်တွယ်သုံးစွဲရာတွင် လည်းကောင်း၊ သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ သိုလှောင်ရာတွင် လည်းကောင်း၊ ရောင်းချရာတွင်လည်းကောင်း အန္တရာယ်ကင်းရှင်းရေးအတွက် အခါအားလျော်စွာ ညွှန်ကြား ချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်ရန်ရှိသော ပိုးသတ်ဆေးဓာတ်ခွဲခြင်း နှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူတို့၏ အကြံဉာဏ် ကို ရယူနိုင်သည်။

၁၁။ မှတ်ပုံတင်အဖွဲ့သည် ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီး သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ၊ ပြည်တွင်းတွင် ဖော်စပ်ရောင်းချ သော ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်အမျိုးအစားနှင့် အခြားပစ္စည်းအမျိုးအစား ပါဝင်မှု ရာခိုင်နှုန်းကို သက်ဆိုင်သူ၏ မူပိုင်အဖြစ် လျှို့ဝှက်ထားရှိရမည်။

## အခန်း (၄)
## မှတ်ပုံတင်လျှောက်ထားခြင်းနှင့် အခွန်အခပေးဆောင်ခြင်း

၁၂။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသူသည် အောက် ဖော်ပြပါ မှတ်ပုံတင်တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည် -

(က) စမ်းသပ်သုံးစွဲခွင့်မှတ်ပုံတင်၊

(ခ) ယာယီသုံးစွဲခွင့်မှတ်ပုံတင်၊

(ဂ) အပြည့်အဝသုံးစွဲခွင့်မှတ်ပုံတင်၊

(ဃ) အထူးသုံးစွဲခွင့်မှတ်ပုံတင်။

၁၃။ ပုဒ်မ ၁၂ အရ မှတ်ပုံတင်လျှောက်ထားသူသည် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း၏ ဓာတ်ခွဲစစ်ဆေးထားသည့် နမူနာကို သုံးစွဲရန် အညွှန်းနှင့်အတူ သတ်မှတ်အရေအတွက် သို့မဟုတ် သတ်မှတ်အလေးချိန်အတိုင်း မှတ်ပုံတင်အဖွဲ့သို့ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့ရမည်။

၁၄။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် ဦးဆောင်ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၅။ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းမန်နေဂျာထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၆။ ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူမှအပ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းရောင်းချလိုသူသည် လိုင်စင်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်မန်နေဂျာထံသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၇။ ပုဒ်မ ၁၂ အရ လျှောက်ထားရာတွင် မှတ်ပုံတင်ရရှိသူသည် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ထားသော မှတ်ပုံတင်ခကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၁၈။ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၆ အရ လျှောက်ထားရာတွင် လိုင်စင်ရရှိသူသည် ဦးဆောင်ညွှန်ကြားမှူးက သတ်မှတ်ထားသော လိုင်စင်ခကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၁၉။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလိုသူ သို့မဟုတ် ပြည်တွင်းမှ ပြည်ပသို့ တင်ပို့လိုသူသည် ပေးဆောင်

ရန်ရှိသော ဓာတ်ခွဲစမ်းသပ်ခကို မှတ်ပုံတင်အဖွဲ့က သတ်မှတ်သော နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

## အခန်း (၅)
## ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည် -

(က) ပြည်တွင်းတွင် ပိုးသတ်ဆေးဖော်စပ်ရောင်းချလိုသူက လျှောက်ထားလာသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ(က) အရ လိုင်စင်ရရှိသူသည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့်ကိစ္စတွင် လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို လိုအပ်သလို စီမံခန့်ခွဲနိုင်သည်၊

(ဃ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် ပိုးသတ်ဆေးနှင့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ လိုအပ်သလို စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

(င) သီးနှံစိုက်ခင်းတွင် ပိုးသတ်ဆေး စမ်းသပ်သုံးစွဲသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ မန်နေဂျာများအား အခါအားလျော်စွာ လိုအပ်သလို ညွှန်ကြားနိုင်သည်၊

(စ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ရမည်။

# အခန်း (၆)

# မန်နေဂျာများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ ပြည်နယ် သို့မဟုတ် တိုင်း မန်နေဂျာသည် -

(က) ပုဒ်မ ၁၅ အရ လျှောက်ထားသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) မိမိကြီးကြပ်ကွပ်ကဲရသော မြို့နယ်များအတွင်း ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲမှု၊ ရောင်းချမှု၊ သိုလှောင်မှုတို့နှင့် စပ်လျဉ်း၍ မြို့နယ်မန်နေဂျာများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ပေးထားသော လိုင်စင်နှင့် စပ်လျဉ်း၍ လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်၊

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူးက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

၂၂။ မြို့နယ်မန်နေဂျာသည် -

(က) ပုဒ်မ ၁၆ အရ လျှောက်ထားသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးထားသော လိုင်စင်နှင့် စပ်လျဉ်း၍ လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်၊

(ဂ) မိမိမြို့နယ်အတွင်းရှိ ပိုးသတ်ဆေး ရောင်းချသူများ လက်ဝယ်ရှိ ပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်း ပြုလုပ်နိုင်သည်၊

(ဃ) ပိုးသတ်ဆေး မမှန်မကန်ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်းနှင့် ပြစ်မှုကျူးလွန်သူကို ဤဥပဒေအရ တရားစွဲဆိုရမည်၊

(င) မှတ်ပုံတင်အဖွဲ့ကဖြစ်စေ၊ ဦးဆောင်ညွှန်ကြားရေးမှူးကဖြစ်စေ ပိုးသတ်ဆေး၏ ထိရောက်မှုနှင့် ကာကွယ်နှိမ်နင်းနိုင်မှုစွမ်းအားကို မိမိမြို့နယ်အတွင်း စမ်းသပ်ရန် ညွှန်ကြားလာသည့် လုပ်ငန်းတွင် ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ရမည်၊

(စ) စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း ပြုလုပ်ရမည်၊

(ဆ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးရမည်၊

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူးက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ရမည်။

## အခန်း (၇)
## အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း မှတ်ပုံတင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၃။ အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခွင့်မှတ်ပုံတင်ရရှိသူသည် -

(က) မှတ်ပုံတင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခ၊ ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ရမည်၊

(ဂ) မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဃ) မှတ်ပုံတင်အဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(င) ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခွင့်နှင့် စပ်လျဉ်း၍ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်၊

(စ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

## အခန်း (၈)
## ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၄။ ပြည်တွင်းတွင် ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့် လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ဓာတ်ခွဲစမ်းသပ်ခတို့ကို ပေးဆောင်ရမည်၊

(ဂ) လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် အဆိပ်ရှိ ပစ္စည်းပါဝင်မှု ရာခိုင်နှုန်းအတိုင်း ပြည့်မီအောင် ဖော်စပ်ရမည်၊

(ဃ) ဖော်စပ်သည့် ပိုးသတ်ဆေးအတွက် သုံးစွဲရန် အညွှန်းစာတွင် ပိုးသတ်ဆေးအမျိုးအမည်၊ ကာကွယ်နှိမ်နင်းနိုင်သော ပိုးများ၊ အဆိပ်သင့်နိုင်မှု၊ အဆင့်အတန်း၊ အသုံးပြုရမည့် ဆေးနှုန်းထားတို့အပြင် အဆိပ်သင့်နိုင်မှု အန္တရာယ်မှ ကင်းရှင်းရန် နည်းလမ်းများကိုလည်း ဖော်ပြရမည်၊

(င) ဖော်စပ်ရောင်းချသည့် ပိုးသတ်ဆေးဘူး သို့မဟုတ် ပုလင်း သို့မဟုတ် အခွံကို ထုပ်ပိုးရာတွင် လိုင်စင်လျှောက်ထားစဉ်က တင်ပြခဲ့သည့် ကုန်အမှတ်တံဆိပ်ကို ကပ်ထားရမည်၊

(စ) လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဆ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာ သတ်မှတ်သော စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဇ) လိုင်စင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

## အခန်း (၉)

## ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့်လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၂၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့်လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်၊

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခကို ပေးဆောင်ရမည်၊

(ဂ) လိုင်စင်လက်မှတ်ကို ဆိုင်တွင် မြင်သာအောင် ချိတ်ဆွဲထားရမည်၊

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင်ကျဆင်းစေရန် အခြားအရာဝတ္ထုပစ္စည်း တစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန်ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ၊

(င) လိုင်စင်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များကို လိုက်နာရမည်၊

(စ) အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးကို သက်ဆိုင်ရာ မန်နေဂျာက ထုတ်ပေးသော ဝယ်ယူခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ရောင်းချရမည်၊

(ဆ) စစ်ဆေးရေးမှူး သို့မဟုတ် မန်နေဂျာက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်၊

(ဇ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်၊

(ဈ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

**အခန်း (၁၀)**

**ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ**

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည် -

(က) ပိုးသတ်ဆေးအညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်၊

(ခ) အန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေးသုံးစွဲလိုပါက သက်ဆိုင်ရာ မန်နေဂျာထံမှ ခွင့်ပြုချက်ရယူပြီး လက်မှတ်ရပိုးသတ်ဆေး ပက်ဖျန်းသူကို ငှားရမ်းသုံးစွဲရမည်၊

(ဂ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်နည်းများအတိုင်း လိုက်နာသုံးစွဲရမည်၊

(ဃ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူလက်လှမ်းမီသော နေရာတွင် ထားရှိခြင်း မပြုလုပ်ရ၊

(င) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးက ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(စ) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရာတွင် လည်းကောင်း ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေးလမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း (၁၁)
## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၇။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ အရေးယူဆောင်ရွက်ရာတွင် သိမ်းဆည်းရမိသော ပိုးသတ်ဆေးများနှင့် သက်သေခံပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင်အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများကို ပြန်လည်သုံးစွဲခြင်း မပြုနိုင်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(င) မြို့နယ်မန်နေဂျာက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၂၈။ စစ်ဆေးရေးမှူး၏ လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှုရှိမရှိ စစ်ဆေးခြင်း၊

(ခ) ပိုးသတ်ဆေးမျာ ထုပ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊

(ဂ) သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးသုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးခြင်း၊

(ဃ) ပိုးသတ်ဆေးဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊

(င) စစ်ဆေးရန်အတွက် ပိုးသတ်ဆေးများကို နမူနာရယူခွင့်ရှိခြင်း၊

(စ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေးရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက မြို့နယ်မန်နေဂျာထံ တင်ပြပြီး ယင်းက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၁၂)
## အယူခံခြင်း

၂၉။ (က) ဤဥပဒေအရ မန်နေဂျာတစ်ဦးဦးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အမိန့်လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးဆောင်ညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အမိန့်လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်၊

(ဂ) လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

# အခန်း (၁၃)
# တားမြစ်ချက်များ

၃၀။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခြင်း မပြုလုပ်ရ။

၃၁။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ဖော်စပ်ရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်ခြင်း မပြုလုပ်ရ။

၃၃။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရ။

၃၄။ လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ရောင်းချရာတွင် အညွှန်းစာနှင့် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ။

၃၅။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ပိုးကျသည့် အန္တရာယ်ကာကွယ်နိုင်မိနင်းသည့် ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း မပြုလုပ်ရ။ ထို့ပြင် မည်သူမျှ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းကို သုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၆။ မည်သူမျှ အသက် ၁၆ နှစ်နှင့် အသက် ၁၆ နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိန်းမ သို့မဟုတ် ကလေးနို့တိုက်သော မိန်းမကို ပိုးသတ်ဆေးကိုင်တွယ်ရာတွင်လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၃၇။ မည်သူမျှ ပိုးသတ်ဆေးကို အညွှန်းစာနှင့် ဆန့်ကျင်၍ သုံးစွဲခြင်း မပြုလုပ်ရ။

၃၈။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် သက်ဆိုင်ရာ မန်နေဂျာက သတ်မှတ်ပေးသည့် ပိုးသတ်ဆေးနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးကို သုံးစွဲခြင်း မပြုရ။

၃၉။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာများနှင့် အတူတကွ ရောင်းချခြင်းသော်လည်းကောင်း၊ အတူတကွ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

၄၀။ လိုင်စင်ရရှိသူသည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

## အခန်း (၁၄)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၁။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၃၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၄၃။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

## အခန်း (၁၈)

## အထွေထွေ

၄၄။ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးသည် နိုင်ငံတော်၏အကျိုးအတွက် ဖြစ်စေ၊ ပြည်သူ့အကျိုးအတွက်ဖြစ်စေ လိုအပ်လျှင် -

(က) မှတ်ပုံတင်အဖွဲ့က ထုတ်ပေးထားသော မှတ်ပုံတင်ကိုဖြစ်စေ၊ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် မန်နေဂျာက ထုတ်ပေးထားသော လိုင်စင်ကို ဖြစ်စေ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ခ) မှတ်ပုံတင်အဖွဲ့၊ ဦးဆောင်ညွှန်ကြားရေးမှူး သို့မဟုတ် မန်နေဂျာက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ပြုနိုင်သည်၊

၄၅။ ပုဒ်မ ၂ ပုဒ်မခွဲ (က) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပေးရန် အ ကြောင်းပေါ်ပေါက်လာလျှင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနက အဆုံးအဖြတ်ပြုနိုင်သည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော အမှုအဖြစ် သတ်မှတ်သည်။

၄၇။ ပုဒ်မ ၄၂ သို့မဟုတ် ပုဒ်မ ၄၃ အရ တရားစွဲဆိုသော ပြစ်မှုများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

၄၈။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် အပြီးအပြတ် သက်သေခံချက်ဖြစ်စေရမည်။

၄၉။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများ ဆက်လက်သုံးစွဲခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပိုးသတ်ဆေးသုံးစွဲသူနှင့် ရောင်းချသူတို့သည် မှတ်ပုံတင်အဖွဲ့က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၅၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် လယ်ယာနှင့် သစ်တောဝန်ကြီးဌာနသည် -

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။